# နိုင်ငံခြားသတင်းထောက်များကို ခြိမ်းခြောက်

NEJ / ၁၅ မတ် ၂၀၀၅ / ၁၂း၁၀

နအဖစာပေစိစစ်ရေး၏ ထည့်သွင်းဖော်ပြခိုင်းမှုကြောင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များကို ခြိမ်းခြောက်သည့် ဆောင်းပါးတိုတပုဒ် ယခုလ (၃) ရက်နေ့ထုတ် ဆဲဗင်းဒေးသတင်းဂျာနယ်နှင့် အခြားဂျာနယ်များတွင် ဖော်ပြထားသည်။

သတင်းသမားရဲ့ဂုဏ်သိက္ခာ ခေါင်းစဉ်ဖြင့် ကလောင်အမည် ကော်လံစားဗျတ္တိဆိုသူက ရေးသားထားခြင်းဖြစ်သည်။

ဆောင်းပါးတွင် ဖေဖော်ဝါရီ (၁၇) ရက် ညောင်နှစ်ပင်တွင်ကျင်းပသည့် အမျိုးသားညီလာခံဖွင့်ပွဲသို့ တက်ရောက်ခွင့်ရသည့် နိုင်ငံခြားသတင်းထောက်များကို ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကရဝိတ်နန်းတော်တွင် ဧည့်ခံပွဲလုပ်ပေးခဲ့ကြောင်း၊ အဆိုပါဧည့်ခံပွဲ၌ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက် (မြန်မာနိုင်ငံသား) တဦးက ဝန်ကြီးကို အသံဖမ်းကက်ဆက်ထိုးပေးပြီး မေးမြန်းမှုပြုခဲ့ကြောင်း၊ အဆိုပါသတင်းထောက်သည် မကြာသေးမီက ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) ကို သွားတွေ့ပြီး အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်း ရှေ့ဆောင်မေးခွန်းများ မေးခဲ့သည်ကို တာဝန်ရှိသူများက သိသော်လည်း ခွင့်လွှတ်ထားသေးကြောင်း စသဖြင့် ရေးသားထားသည်။

ယင်းကဲ့သို့ ရေးသားချက်နှင့်ပတ်သက်၍ ပြည်တွင်းမှ နိုင်ငံခြားသတင်းထောက်တဦးက "အရင်က ဒီလိုခြိမ်းခြောက်တာမျိုး တခါမှမလုပ်ခဲ့ဘူး။ ခုဆို သတင်းယူတာကအစ ခြိမ်းခြောက်တဲ့သဘောမျိုး လုပ်လာတယ်။ နောက်ဆို ကျနော်တို့မိခင်ဌာနက တက်လာတဲ့သတင်းတွေကို ကြည့်ပြီး ကျနော်တို့ သတင်းပေးပို့မှုအပေါ် နည်းပေါင်းစုံနဲ့ ဖိအားပေးမှုတွေ ဆက်လုပ်လာနိုင်တယ်" ဟု ပြောကြားသည်။

ယခင်ထောက်လှမ်းရေးလက်ထက်တွင် သတင်းစာရှင်းလင်းပွဲမတိုင်မီ သတင်းထောက်များအား ကြိုတင်တယ်လီဖုန်းဆက်ပြီး မည်သည့်မေးခွန်းမျိုးကို မမေးရန်၊ မေးပါကလည်း ဖြေနိုင်မည်မဟုတ်ကြောင်း စသဖြင့် ကြိုတင်သတိပေး တားမြစ်လေ့ရှိသော်လည်း ၎င်းတို့၏ မိခင်သတင်းဌာနများထံ သတင်းရေးသားပေးပို့မှုများကိုမူ တစုံတရာ ဝေဖန်ပြုလုပ်လေ့မရှိကြောင်း၊ ယခုကဲ့သို့ မီဒီယာများမှ ခြိမ်းခြောက်မှုမျိုးလည်း မရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြည်ပသတင်းဌာနများက ခန့်ထားသည့် နအဖစစ်အစိုးရ အသိအမှတ်ပြု နိုင်ငံခြားသတင်းထောက် (၂၀) ဦးခန့်ရှိပြီး မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းတွင် ဂျပန်နိုင်ငံအခြေစိုက် သတင်းဌာနများ၏ သတင်းထောက်များက အများစုဖြစ်သည်။ ယင်းအသင်းတွင် ဦးလှထွေး (Nihon Keizai Shimbun) က နာယက၊ ဦးစဝ်ကိုင်ဖ (Mainichi) က ဥက္ကဋ္ဌနှင့် ဦးညွန့်တင် (Fuji TV) က အတွင်းရေးမှူးဖြစ်သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်လက်ထက်က စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ထားရှိခဲ့ရာမှ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း သိရသည်။

လောလောဆယ်တွင် ယခင်စာပေစိစစ်ရေးမှူး ဗိုလ်မှူးဟောင်းအေးထွန်း ရာထူးမှ အနားပေးခံလိုက်ရပြီးသည့်နောက် ယာယီတာဝန်ယူထားသူ ဒု-ညွှန်မှူး ဦးတင်ကြည်က စာပေရေးသားဖော်ပြမှုများကို နဂိုကထက် ပိုမိုဖြတ်တောက်ပိတ်ပင်လာကြောင်း ရန်ကုန်မြို့မှ ဂျာနယ်အယ်ဒီတာတဦးက ပြောကြားသည်။ ■